မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်စျေးကွက်သတင်းလွှာ
September 1 , 2025 Volume 94, Number 1

၁. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၀.၉၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၀၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၀.၀၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၃.၇၂ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၄၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၆၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၀၃ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာနှင့် တရုတ်တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး



မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာတွေ လက်မှတ် ရေးထိုးတဲ့အခမ်းအနားကို ဩဂုတ် ၃၁ ရက်၊ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီက တရုတ်နိုင်ငံ၊ တီယန်ကျင်းမြို့ရှိ တန်ဂလာဟိုတယ်မှာ ကျင်းပပါတယ်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးတွေဖြစ်ကြတဲ့ ဒေါက်တာဝါဝါမောင်၊ဦးချစ်ဆွေ၊ဦးမင်းနောင်၊ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဆွေ၊ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်းနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေ တက်ရောက်ကြပါတယ်။

အခမ်းအနားမှာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နဲ့ တရုတ်နိုင်ငံအသေးစားနှင့်အလတ်စားလုပ်ငန်းများအသင်း (CASME) တို့ အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ မြန်မာ–အိန္ဒိယ–တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နဲ့တရုတ်နိုင်ငံအသေးစားနှင့်အလတ်စားလုပ်ငန်းများအသင်း(CASME)တို့ အကြားပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ ရွှေသံလွင်ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်နှင့် China Harbor Engineering ကုမ္ပဏီလီမိတက် (CHEC)တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Royal Green Oceanကုမ္ပဏီလီမိတက်နဲ့ Jiangxi Longzheng Technology developement ကုမ္ပဏီလီမိတက်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Yunnan Baoshan Hengyi Industrial Groupကုမ္ပဏီလီမိတက်နဲ့ Transland Public ကုမ္ပဏီလီမိတက်တို့အကြား

ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) နိုင်ငံတကာစင်္ကြံ၏ မြန်မာ ကံပိုင်တည်-မြစ်ကြီးနား-ပန်ဆောင် အဝေးပြေး လမ်းမကြီးစီမံကိန်း နားလည်မှုစာချွန်လွှာ၊ Platypus ကုမ္ပဏီလီမိတက်နဲ့ China Enerever Solutions (Shanghai) ကုမ္ပဏီ လီမိတက်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာတွေကိုသက်ဆိုင်ရာတာဝန်ရှိသူတွေက လက်မှတ်ရေး ထိုးခဲ့ကြတာဖြစ်ပါတယ်။

နားလည်မှုစာချွန်လွှာတွေကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့ရဲ့ ရှေ့မှောက်မှာ လက်မှတ် ရေးထိုးကြတာဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## Rice Export Zone များ မြို့နယ် ၁၀၀ ခန့်၌ ဆောင်ရွက်မည်




၂၀၂၅-၂၀၂၆ ခုနှစ်နွေစပါးရာသီက စတင်ပြီး Rice Export Zoneတွေကို မြို့နယ် ၁၀၀ လောက် မှာ Exporter ကုမ္ပဏီ ၅၀ ကျော်က ဧက ၃ သိန်း ဝန်းကျင်နဲ့ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သိရပါ တယ်။

ဩဂုတ် ၂၈ ရက်က ရန်ကုန်မြို့၊ ကုန်သည် စက်မှုအသင်းချုပ် (UMFCCI)မှာ ပြုလုပ်တဲ့ Rice Export Zoneများ ဖော်ဆောင်ရေးဆိုင်ရာဆောင် ရွက်ရမဲ့ လုပ်ငန်းအစီအစဉ်တွေနဲ့ နိုင်ငံတကာကို ဆန်/ဆန်ကွဲ တင်ပို့နိုင်မဲ့ ကိစ္စရပ်တွေနဲ့ စပ်လျဉ်းပြီး လုပ်ငန်းညှိနှိုင်း အစည်း အဝေးမှာ ထည့်သွင်း ဆွေးနွေးခဲ့တာပါ။

Rice Export Zone တစ်ခုမှာ အနည်းဆုံးတစ်ကွင်းတစ်စပ်တည်း ဧက ၃၀၀၀စိုက်ပျိုးရေး နဲ့ Export မျိုးကွဲ ၃ မျိုးထက် မပိုစေရေး၊ သဘာဝနဲ့ဇီဝမြေဩဇာတွေ သုံးစွဲတဲ့စနစ်ကို အကောင်အထည်ဖော်ရေး၊ စပါးပန်းတိုင် အထွက်နှုန်း ရရှိရေး ဆောင် ရွက်ရေး၊ Exporter ကုမ္ပဏီတွေနဲ့ တောင်သူတွေ ကန်ထရိုက်လယ်ယာစနစ်နဲ့ အနည်းဆုံး ၃ ရာသီ ပူးပေါင်းစိုက်ပျိုး ထုတ်လုပ် ရေး၊ ပြည်ပ ပို့ကုန် ဆန်/ ဆန်ကွဲ ၄ တန်ကို Export Zone (၁)ဧက ရည်မှန်းပြီး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

နိုင်ငံတကာဈေးကွက်မှာ ဆန်ဈေးနှုန်းတွေ အလွန်ကျဆင်းနေချိန်မှာ Exporter တွေက Zone အတွင်း ပါဝင်တဲ့ စပါးစိုက် တောင်သူတွေဆီက သင့်တင့်မျှတတဲ့ ဈေးနှုန်းတွေနဲ့ ဝယ်ယူပေးရေး၊ တောင်သူလယ်သမားတွေအတွက် ပံ့ပိုးပစ္စည်းတွေကို ဈေးနှုန်းသင့်တင့်စွာနဲ့ ဝယ်ယူရရှိနိုင်ရေး၊ စိုက်ပျိုး ထုတ်လုပ်မှုစရိတ် ငွေကြေးတွေ ပိုမိုထောက်ပံ့ရရှိရေးနဲ့ လယ်ယာမြေ အဆင့် မြှင့်တင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ဒါ့ပြင် Exporter တွေအတွက်လည်း ပြည်ပကို အရည်အသွေးမီတဲ့ ဆန်ပို့ကုန်တွေ ရရှိနိုင်ရေး၊ နိုင်ငံတကာဈေးကွက်ရရှိ ရေးနဲ့ Export Financing ရရှိရေးကိစ္စတွေနဲ့ Export Zone တွေကို စနစ်တကျ ကြီးကြပ်ကွပ်ကဲမယ့် စနစ်တွေကို အသင်း ချုပ်အနေနဲ့ ဆက်လက်ကြိုးပမ်းဖော်ဆောင်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

**Source : https://onenewstvchannel.com/**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆,၄၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးဆီများကို သင့်တင့် သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူး ခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ်၆,၄၁၀ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရပသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## ဆန်ကွဲB(2,3,4)ဈေးတက်၍ ညှော်မထဆန်၊ ပေါ်ဆန်မွှေးဆန်၊ ဆန်ကွဲB(1,2)နှင့်ဖွဲနုဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၂၂.၈.၂၀၂၅ ရက်နေ့တွင် ညှော်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၆၅,၀၀၀ကျပ်၊ ညှော်မထဆန် (မနောသုခ)(သစ်)တစ်အိတ် ၆၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ကျပ်၊ဆန်ကွဲB(2,3,4)တစ်အိတ်၄၀,၀၀၀ကျပ်နှင့်ဖွဲနုတစ်အိတ်၂၇,၀၀၀ကျပ်တို့ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၉.၈.၂၀၂၅ ရက်နေ့တွင် ညှော်မထဆန် (မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ညှော်မထဆန် (မနောသုခ) (သစ်) တစ်အိတ် ၆၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၂,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၀၀၀ကျပ်တို့ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနိုင်းယှဉ်ချက်အရ ဆန်ကွဲ B(2,3,4) တစ်အိတ် ၂၀၀၀ ကျပ် ဈေးမြင့်တက်ကာ ဧည့်မထဆန်၊ ပေါ်ဆန်းမွှေး ဆန်၊ ဆန်ကွဲB(1,2)နှင့် ဖွဲနုဈေးများတည်ငြိမ်လျက်ရှိသည်။

ဆန်ကွဲB(2,3,4) ဈေးမြင့်တက်သွားခြင်းမှာ စပါးဈေးကျ၍ ဆန်ကြိတ်ခွဲမှုနည်းကာ ကုန်ကြမ်းနည်းပြီး ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## နှမ်းစိုက်တောင်သူများ ဈေးကောင်းရရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး စပါးကို အဓိကထားစိုက်ပျိုးကြသည်။

နှစပါး၊ နှမ်းများကို ဖေဖော်ဝါရီ၊ မတ်လများတွင်စိုက်ပျိုးကြပြီး နှမ်းအများဆုံးစိုက်ပျိုးကြကြောင်း၊ ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှာနှမ်းစိုက်ဧက ၅၀၀ခန့်ရှိကြောင်း၊နှမ်းတွင်နှမ်းနက်အများဆုံး စိုက်ပျိုးကြကြောင်း၊နှမ်းကိုရေဖျန်းစိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ၁ ဧက ကျပ်၂၀ သိန်းခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီးချိန်မှ ရက်၉၀တွင် ရိတ်သိမ်းနိုင်ကြောင်း၊ ဂရုစိုက်ပြုစုမှုအပေါ် မူတည်၍ အထွက်နှုန်းမှာ ၁ ဧက လျှင် ၆ တင်းမှ ၂၀ တင်းအထိ ထွက်ရှိကြောင်း၊ဈေးကွက်အနေဖြင့် နှမ်းပွဲစားများကတောင်သူလက်ဝယ်အရောက်လာရောက်ဝယ်ယူကြ၍ နှမ်းနက် ၁ တင်းလျှင် ကျပ် ၂၃၅,၀၀၀ မှ ၂၈၀,၀၀၀ အထိ နှမ်းအရည်အသွေး၊ထွက်ရှိသည့်အချိန်ကာလအလိုက်ဈေးနှုန်းကွာခြားလျက်ရှိကြောင်း၊အထွက်နှုန်းကောင်းသော တောင်သူများအနေဖြင့် အကျိုးအမြတ်များပိုမိုရရှိကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source: DOCA** မန္တလေး

https://www.doca.gov.mm/

## အိန္ဒိယနိုင်ငံသည် အကောက်ခွန်လွတ် ဝါဂွမ်းတင်သွင်းမှုကို ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အချိန်သုံးလ ထပ်မံတိုးမြှင့်

အိန္ဒိယနိုင်ငံသည် ယခုလ ၂၈ ရက်နေ့က ဝါဂွမ်းအား အကောက်ခွန်လွတ်တင်သွင်းမှုကို စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အချိန်သုံးလ ထပ်မံတိုးမြှင့်ခဲ့ကြောင်းသိရသည်။

အိန္ဒိယအစိုးရ၏ဆုံးဖြတ်ချက်သည် အမေရိကန်ပြည်ထောင်စုအစိုးရက ချမှတ်ထားသော ၅၀ ရာခိုင်နှုန်းအကောက်ခွန်များကြောင့် ဖိအားများအောက်တွင်ရှိနေသည့် အိန္ဒိယအထည်အလိပ်လုပ်ငန်း၊ အထူးသဖြင့် နိုင်ငံတောင်ပိုင်းရှိ စက်ရုံများအပေါ်ရှိ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးမည်ဖြစ်ကြောင်းသိရသည်။

၎င်းသည် အိန္ဒိယအထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းများကို ယူကေနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ကဲ့သို့ ကုန်သွယ်မှု သဘောတူညီချက်များ လက်မှတ်ရေးထိုးထားသည့် ဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ကူညီပေးမည်ဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ဩဂုတ်လ ၂၈ ရက်တွင် ဖော်ပြသည်။

အဆိုပါ ဆုံးဖြတ်ချက်ကြောင့် ၂၀၂၅-၂၆ ဘဏ္ဍာနှစ် အောက်တိုဘာလတွင်စတင်မည့်ဝါဂွမ်းရောင်းဝယ်ရေးနှစ်၏ ပထမ သုံးလအတွင်း ဝါဂွမ်းတင်သွင်းမှုသည် ၁ ထုပ်လျှင် ၁၇၀ ကီလိုဂရမ်ပါ ဝါဂွမ်းဘေထုပ် ၂၀ သိန်းခန့်အထိ နှစ်ဆတိုးလာဖွယ်ရှိကြောင်းသိရသည်။

၎င်းသည် အိန္ဒိယအစိုးရအနေဖြင့် အထည်အလိပ်လုပ်ငန်းကိုကယ်ဆယ်ရန် ၁၀ ရက်အတွင်း ဒုတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ် ကြောင်းသိရသည်။

ယခုလ ၁၉ ရက်နေ့က အစိုးရသည် စက်တင်ဘာလကုန်အထိ ဝါဂွမ်းတင်သွင်းမှုအပေါ် ၁၁ ရာခိုင်နှုန်းအကောက်ခွန်အား ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

အိန္ဒိယဝါဂွမ်းအသင်း(Cotton Association of India – CAI) ဥက္ကဋ္ဌ Atul Ganatra က ပြောကြားခဲ့သည်မှာ အကောက်ခွန်ကင်းလွတ်ခွင့်သက်တမ်းတိုးမြှင့်ခြင်းသည် အိန္ဒိယအထည်အလိပ်စက်ရုံများ၊ အထူးသဖြင့် တောင်ပိုင်းရှိစက်ရုံများအားသက်သာရာရရှိစေမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် Brazil၊ US၊ Africa နှင့် Australia ကဲ့သို့သောနိုင်ငံများမှ ဈေးသက်သာသောဝါဂွမ်းများကို ယခုအခါ ရရှိနိုင်ပြီဖြစ်ကြောင်းသိရသည်။

"၎င်းသည် တောင်ပိုင်းရှိ စက်ရုံများအတွက် အသက် သွေးကြောတစ်ခုဖြစ်လာမည်"ဟု Ganatra က ပြောကြားခဲ့ပြီး CAI သည် လွန်ခဲ့သည့် မကြာသေးမီက အစိုးရအား အခွန်ကင်းလွတ်တင်သွင်းမှုများကို နောက်ထပ်လအနည်းငယ်ထပ်မံတိုးမြှင့်ရန် တိုက်တွန်းခဲ့ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

လက်ရှိတွင် နိုင်ငံတကာဈေးနှုန်းများသည် အိန္ဒိယပြည်တွင်းဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းခန့်နိမ့်နေကြောင်း သိရသည်။

New York ရှိ Inter Continental Exchange (ICE) တွင် ဝါဂွမ်းအနာဂတ်ဈေးနှုန်းများသည် တစ်ပေါင်လျှင် ၆၇-၆၈ ဆင့်တွင်ရှိနေပြီး၎င်းသည် အိန္ဒိယရူပီးဖြင့် ၃၅၆ ကီလိုဂရမ်ရှိ ကန်ဒီ(Candy)တစ်လုံးလျှင် ရူပီး ၄၆,၀၀၀ နှင့်ညီမျှပြီး ပြည်တွင်းဈေးနှုန်းများမှာမူ ကန်ဒီတစ်လုံးလျှင် ရူပီး ၅၅,၀၀၀ ဝန်းကျင်တွင်ရှိနေကြောင်း Ganatra က ပြောကြားခဲ့သည်။

စက်တင်ဘာလတွင်ကုန်ဆုံးမည့် လက်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဝါဂွမ်းရောင်းဝယ်ရေးနှစ်အတွက် ပြည်ပမှ ဝါဂွမ်းတင်သွင်းမှုသည် ဘေထုပ်သိန်းပေါင်း ၄၀ မှ ၄၂ သိန်းအကြားရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

"အောက်တိုဘာ-ဒီဇင်ဘာကာလအတွင်းတွင် ပြီးခဲ့သည့်နှစ် အလားတူကာလက ဘေထုပ် ၁၀ သိန်းတင်သွင်းခဲ့သည်နှင့် နှိုင်းယှဉ်ပါက ဘေထုပ်သိန်းပေါင်း ၁၅ မှ ၂၀ သိန်းအထိ ရောက်ရှိလာမည်ဟု ကျွန်ုပ်တို့ယုံကြည်သည်" ဟု Ganatra က ပြောကြားခဲ့သည်။

**Source: The Hindu Businessline, India extends duty-free cotton imports until December 31, Aug 28, 2025.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကိုလ်ကတ္တားမြို့)**

https://myantrade.gov.mm/

## အိန္ဒိယဝန်ကြီးချုပ်က Bihar ပြည်နယ်၊ Gaya မြို့တွင် ရူပီး ၁၂,၀၀၀ ကုဋေတန်ဖိုးရှိ ဖွံ့ဖြိုးရေးစီမံကိန်းများ အုတ်မြစ်ချဖွင့်လှစ်

ဝန်ကြီးချုပ် Shri Narendra Modi က Bihar ပြည်နယ်၊ Gaya မြို့တွင် ဒေသတွင်းအခြေခံအဆောက်အအုံ၊ ခရီးလမ်းချိတ်ဆက်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန်ရည်ရွယ်သည့် ရူပီး ၁၂,၀၀၀ ကုဋေတန်ဖိုးရှိဖွံ့ဖြိုးရေး စီမံကိန်းများစွာကို အုတ်မြစ်ချဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ခရီးလမ်းချိတ်ဆက်မှုကိုမြှင့်တင်ရန် ဝန်ကြီးချုပ်သည် အမျိုးသားအဝေးပြေးလမ်းမ -၃၁(NH-31)ပေါ်ရှိ ၈ ဒသမ ၁၅ ကီလိုမီတာရှည်လျားသော Aunta-Simaria တံတားစီမံကိန်းကို ဖွင့်လှစ်ပေးခဲ့ရာ ၎င်းတွင် ဂင်္ဂါမြစ်ပေါ်ရှိ ၁ ဒသမ ၈၆ ကီလိုမီတာရှည်လျားသော ၆ လမ်းသွားတံတားလည်းပါဝင်ပြီး ရူပီး ၁,၈၇၀ ကုဋေကျော်ကုန်ကျခဲ့ကြောင်းသိရသည်။

၎င်းသည် Patna မြို့ရှိ Mokama နှင့် Begusarai တို့အကြား တိုက်ရိုက်ချိတ်ဆက်မှုကို ပေးစွမ်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားအသစ်သည် Bihar မြောက်ပိုင်း(Begusarai, Supaul, Madhubani, Purnea, Araria စသည်)နှင့် Bihar တောင်ပိုင်းဒေသများ (Sheikhpura, Nawada, Lakhisarai စသည်)အကြား ခရီးသွားလာသော ယာဉ်ကြီးများအတွက် ၁၀၀ ကီလို မီတာကျော်သွားရမည့် ပိုမိုကြာမြင့်သည့် သွားလာချိန်ကိုလျှော့ချပေးမည်ဖြစ် ကြောင်းသိရသည်။

ယာဉ်များလမ်းကြောင်းပြောင်းရခြင်းကြောင့် ဒေသတွင်း အခြား နေရာများတွင်ဖြစ်ပေါ်တတ်သော ယာဉ်ကြောပိတ်ဆို့မှု ပြဿနာ များကိုလည်း လျှော့ချပေးနိုင်မည်ဟု သိရသည်။

ဝန်ကြီးချုပ်သည် ရူပီး ၁,၉၀၀ ကုဋေခန့်တန်ဖိုးရှိသော NH-31 ၏ Bakhtiyarpur မှ Mokama သို့သွားသည့် လေးလမ်းသွားလမ်းပိုင်းကိုလည်းဖွင့်လှစ်ပေးခဲ့ရာ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချပေးကာ ခရီးသွားလာချိန်ကို လျှော့ချပေးပြီး ခရီးသည်နှင့် ကုန်စည်စီးဆင်းမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Bihar ရှိ NH-120 ၏ Bikramganj-Dawath-Nawanagar-Dumraon လမ်းပိုင်းရှိ ကတ္တရာခင်းထားသော ပခုံးလမ်းပါနှစ်လမ်းသွားလမ်းကို အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည်။

Bihar ပြည်နယ်၏လျှပ်စစ်ဓာတ်အားကဏ္ဍအခြေခံအဆောက်အအုံကိုခိုင်မာစေရန် ဝန်ကြီးချုပ်သည် ရူပီး ၆,၈၈၀ ကုဋေခန့်တန်ဖိုးရှိ လျှပ်စစ်ဓါတ်အား ၆၆၀ မီဂါဝပ်ထုတ်ပေးနိုင်သော Buxar Thermal Power Plant ကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဝန်ကြီးချုပ်သည် Muzaffarpur ရှိ Homi Bhabha Cancer Hospital & Research Centre ကိုဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါစင်တာတွင် အဆင့်မြင့် Oncology OPD၊ IPD လူနာဆောင်များ၊ ခွဲစိတ်ခန်းများ၊ ခေတ်မီဓာတ်ခွဲခန်း၊ သွေးလှူဘဏ်နှင့် ခုတင် ၂၄ ခုပါ ICU(Intensive Care Unit)နှင့် HDU(High Dependency Unit)တို့ပါဝင်ကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် ရူပီး ၁,၂၆၀ ကုဋေခန့်တန်ဖိုးရှိ မြို့ပြအခြေခံအဆောက်အအုံစီမံကိန်းများစွာအတွက် အုတ်မြစ်ချပေးခဲ့ကြောင်း သိရသည်။

ဒေသတွင်းရထားလမ်း ချိတ်ဆက်မှုကို မြှင့်တင်ပေးသည့်အနေဖြင့် ဝန်ကြီးချုပ်သည် ရထားနှစ်စီးကို အစိမ်းရောင်အလံပြဖွင့်လှစ်ပေးခဲ့သည်။

Gaya နှင့် Delhi အကြား Amrit Bharat Express နှင့် Vaishali နှင့် Koderma အကြား Buddhist Circuit Train တို့သည် ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ဒေသတွင်း အဓိကဗုဒ္ဓဘာသာအထိမ်းအမှတ်နေရာများတစ်လျှောက် ခရီးသွားလုပ်ငန်းနှင့် ဘာသာရေးခရီးသွားလာမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**Source: NBM&CW, PM Modi Inaugurates & Lays Foundation of ₹12,000-Cr Development Projects in Gaya, Bihar, Aug 22, 2025.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကိုလ်ကတ္တားမြို့)**

https://myantrade.gov.mm/

## ဂျပန်အစိုးရအနေဖြင့် ယန်းငွေအခြေပြု Stablecoin ကို ပထမဆုံးအကြိမ်အဖြစ် သုံးစွဲခွင့်ပြုသွားမည်

နိုင်ငံတကာသို့ ငွေလွှဲပြောင်းပေးပို့နိုင်ရေးနှင့် အခြားသောငွေလွှဲမှုများ ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီအနေဖြင့် ယန်းငွေအခြေပြု Stablecoin အား ပထမဆုံးအကြိမ်အဖြစ် နိုဝင်ဘာလမှစတင်၍ ထုတ်ဝေသုံးစွဲခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ၁၈-၈-၂၀၂၅ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် "Japan to greenlight first yen-based stablecoin" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် တိုကျိုအခြေစိုက်ဘဏ္ဍာရေးကုမ္ပဏီ JPYC အနေဖြင့် ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် ဂျပန်ဘဏ္ဍာ ရေးဝန်ဆောင်မှုအေဂျင်စီထံ နိုဝင်ဘာလအတွင်း မှတ်ပုံတင်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ္ဍာရေး

ဈေးကွက်တွင် ဒေါ်လာအခြေပြု Stablecoin သုံးစွဲမှုမှာ အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံအထိရှိခဲ့ကြောင်း၊ Stablecoin များသည် Blockchain နည်းပညာကို အခြေခံထားပြီး၊ Coin တစ်ခုစီ၏တန်ဖိုးကို ဒေါ်လာကဲ့သို့သော ငွေကြေး တန်ဖိုးများ သတ်မှတ်ထားကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ဂျပန်နိုင်ငံ၌ ဥပဒေပြင်ဆင်ကာ Stablecoin များကို ငွေကြေးအမျိုးအစား အပေါ်မူတည်သည့်ပိုင်ဆိုင်မှုများ(Currency-denominated Assets)အဖြစ် သတ်မှတ်ခဲ့ပြီး ဘဏ်များ၊ အာမခံကုမ္ပဏီများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း ဖော်ပြထားသည်။

ယန်းငွေအခြေပြု Stablecoin ကို JPYC ဟုအမည်ပေးသွားမည်ဖြစ်ပြီး၊ Stablecoin ၁ ခုလျှင် ယန်းငွေတန်ဖိုးပုံသေ သတ်မှတ်ပေးသွားမည်ဖြစ်ပြီးအဆိုပါငွေကြေးများကို လိုင်စင်ရဘဏ္ဍာရေးကုမ္ပဏီအနေဖြင့် အပ်နှံငွေနှင့် အစိုးရငွေချေးစာချုပ်များကဲ့သို့ ထိန်းသိမ်းပေးထားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးကုမ္ပဏီ JPYC အနေဖြင့် ဂျပန်ဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီထံ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် မှတ်ပုံတင်ပြီးပါက Stablecoin များကို စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

JPYC Stablecoin အသစ်ကို အသုံးပြုလိုသူများအနေဖြင့် Stablecoin ဝယ်ယူခွင့် လျှောက်ထားရမည်ဖြစ်ပြီး၊ ဝယ်ယူခွင့် ရရှိပါက ဝယ်ယူလိုသည့် Stablecoin နှင့်ညီမျှသည့် ယန်းငွေကို ငွေလွှဲပြောင်းပေးပို့ရမည်ဖြစ်ကြောင်းနှင့် ငွေလွှဲပြောင်းပေးပို့ပြီး ပါက Electronic Wallets ထဲသို့ Stablecoin များ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ထို့နောက် Stablecoin များအသုံးပြု၍ ပြည်ပနိုင်ငံများတွင် ပညာသင်ကြားနေသော ကျောင်းသားများထံ ငွေလွှဲခြင်း၊ လုပ်ငန်းအတွက် ငွေပေးချေမှုများဆောင်ရွက်ခြင်း နှင့် Blockchain အခြေပြုငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

JPYC ကုမ္ပဏီအနေဖြင့် ၃ နှစ်အတွင်းယန်း ၁ ထရီလီယံယန်း(အမေရိကန်ဒေါ်လာ ၆ ဒသမ၈၁ ဘီလီယံ)နှင့်ညီမျှသော JPYC Stablecoin များထုတ်ရောင်းနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် ခရစ်တိုငွေကြေးတွင် ရင်းနှီးမြှုပ်နှံ ထားသည့် ဘဏ္ဍာရေးလုပ်ငန်းအများအပြားအနေဖြင့် JPYC Stablecoin များကို စိတ်ဝင်စားလျက်ရှိကြပြီး၊ အထူးသဖြင့် ကုန်သွယ်မှုတွင် အသုံးပြုလိုကြပြီး၊ ငွေလဲလှယ်နှုန်းအပြောင်းအလဲမှတစ်ဆင့် အမြတ်ရရှိလိုကြကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် ကမ္ဘာတစ်ဝှန်း၌ အမေရိကန်ကုမ္ပဏီများဖြစ်သော Tether မှထုတ်လုပ်သည့် USDT နှင့် Circle Internet Financial Ltd. မှ ထုတ်လုပ်သည့် USDC ကဲ့သို့သော ဒေါ်လာအခြေပြု Stablecoin များကိုသာ အသုံးပြုလျက်ရှိကြကြောင်း၊ အမေရိကန်ဘဏ္ဍာရေးကုမ္ပဏီ Citigroup အနေဖြင့် Stablecoin များ၏ဈေးကွက်မှာ ၂၀၃၀ ပြည့်နှစ်တွင် ၁၀ ဆကျော် တိုး တက်လာနိုင်ပြီး၊ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ထရီလီယံအထိ ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

**Source : (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

# STOCK EXCHANGE (1.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 1st Sep. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 44,389 (Shares) | 89,561,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +100 | +1.41% | 7,200 | 7,200 | 7,200 | 3 | 21,600 | 33,109,694 | 238,390 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 1,095 | 3,345,300 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 41 | 303,400 | 10,400,986 | 76,967 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 1,695 | 3,305,250 | 29,664,613 | 57,846 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 700 | 1,820,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 1 | 1,850 | 19,977,223 | 36,958 |
| AMATA | 00007 | 3,400 | -50 | -1.45% | 3,250 | 3,400 | 3,250 | 504 | 1,638,600 | 10,497,598 | 35,692 |
| MAEX | 00008 | 3,300 | +100 | +3.13% | 3,200 | 3,300 | 3,200 | 350 | 1,125,000 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 1st Sep. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.65 | +1.71 | +0.48% | 356.94 | 358.65 | 355.83 | 4,389 | 11,561,000 | 8 | 676,483 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 1st Sep. 2025

| Trading Volume | Trading Value |
|---|---|
| 44,401 (Shares) | 89,595,300 (MMK) |

## Main Board

As of 1:00 pm, 1st Sep. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 44,389 (Shares) | 89,561,000 (MMK) |

| MYANPIX | 358.65 ▲ 1.71 |
|---|---|
| Total Volume (shares) | 4,389 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,483 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 100 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,400 | ▼ 50 |
| MAEX | 00008 | 3,300 | ▲ 100 |